## မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၄ ခုတွင် မေလ တတိယပတ်အတွင်း စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၅၁၄ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။ မကွေးတိုင်းတွင် နေအိမ် ၄၀၆ လုံး၊ စစ်ကိုင်းတိုင်းတွင် နေအိမ် ၆၂ လုံး၊ ရခိုင်ပြည်နယ်တွင် နေအိမ် ၄၅ လုံး၊ နှင့် ပဲခူးတိုင်းတွင် နေအိမ် ၁ လုံးတို့ ဖြစ်ကြပါသည်။

## ဖမ်းဆီးခံရမှုများ

မြန်မာနိုင်ငံရှိ တိုင်း ၄ တိုင်းတွင် မေလ တတိယပတ်အတွင်း အရပ်သားပြည်သူ ၁၆၅ ဦး ဖမ်းဆီးခံခဲ့ရသည်။ မကွေးတိုင်း တွင် ၇၀ ဦး၊ စစ်ကိုင်းတိုင်းတွင် ၃၇ ဦး၊ ပဲခူးတိုင်းတွင် ၃၀ ဦးနှင့် မန္တလေးတိုင်းတွင် ၂၈ ဦးတို့ ဖြစ်ကြပါသည်။

## လေကြောင်းမှ တိုက်ခိုက်မှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့်တိုင်း ၁၂ ခုတွင် မေလ တတိယပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၁၃၁ ကြိမ် ပြုလုပ်ခဲ့ပါသည်။ မန္တလေးတိုင်းတွင် ၅၂ ကြိမ်၊ ဧရာဝတီတိုင်းတွင် ၂၇ ကြိမ်၊ စစ်ကိုင်းတိုင်းတွင် ၁၄ ကြိမ်၊ မကွေး တိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၈ ကြိမ်စီ၊ ပဲခူးတိုင်းတွင် ၇ ကြိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၄ ကြိမ်၊ ချင်းပြည်နယ်၊ ကရင်နီပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ၃ ကြိမ်စီ၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁ ကြိမ်တို့ ဖြစ်ကြ ပါသည်။

## တိုက်ပွဲတွင် ကျဆုံးမှုများ

| | |
|---|---|
| ၁၀၆ ဦး | စစ်ကောင်စီတပ်သား သေဆုံး |
| ၁၃ ဦး | PDF ရဲဘော်များ ကျဆုံး |

**KNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- မေလ ၁၆ ရက်တွင် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မော်ကွီးလု စစ်ကောင်စီတပ်စခန်းကို KNLA ပူးပေါင်းတပ်ဖွဲ့မှ အပြီးသတ် တိုက်ခိုက်သိမ်းပိုက်လိုက်သည်။

## မေလ ၁၅ ရက်မှ ၂၁ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။
## တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်

- မတ်လ ၁၀ ရက်တွင် ထားဝယ်စီမံကိန်းအတွက် ရုရှားအစိုးရနှင့် အကြမ်းဖက်စစ်ကောင်စီတို့ ပူးပေါင်းခြင်းကို ပြင်းထန်စွာ ရှုတ်ချကြောင်း၊ ရှုတ်ချသည့် အဖွဲ့များတွင် အရပ်ဘက်အဖွဲ့များနှင့် နိုင်ငံရေးအင်အားစုများ အပါအဝင် စုစုပေါင်း အဖွဲ့ အစည်း ၁၁ ခု ပါဝင်ကြောင်း အရပ်ဘက်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောဆိုလိုက်ပါတယ်။

- ပြည်သူအများလက်မခံသော ရွေးကောက်ပွဲကို စစ်ကောင်စီက ကျင်းပရန် ရက်သတ်မှတ်ပြီးပြီဖြစ်ကြောင်း တာဝန် ယူ ကျင်းပပေးမည့် စစ်ကောင်စီရွေးကောက်ပွဲကော်မရှင်က မေလ ၁၆ ရက်တွင် ထုတ်ဖော်ပြောကြားပါတယ်။

- နိုင်ငံအားလုံးနဲ့ မိတ်ဝတ်မပျက် ဆက်ဆံရေးကျင့်သုံးမယ်ဆိုတဲ့ မြန်မာနိုင်ငံရဲ့နိုင်ငံခြားရေး မူဝါဒအရ တရုတ်နိုင်ငံနဲ့သာမက အမေရိကန်နဲ့ပါ အကောင်းဆုံး ထိတွေ့ဆက်ဆံမှာ ဖြစ်တယ်လို့ ရုရှားနိုင်ငံ၊ မော်စကိုမြို့မှာ မေ ၈ ရက်က လုပ်ခဲ့တဲ့ ရုရှားရုပ်သံလိုင်း RT နဲ့တွေ့ဆုံမေးမြန်းမှုမှာ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အခုလို ပြောလိုက်တာ ဖြစ်ပါတယ်။

## ဒေသအလိုက် အချက်အလက်

